NYIC 35 YEARS OF BUILDING IMMIGRANT POWER

မြန်မာစာ · BURMESE

# နယူးယောက်ပြည်နယ် အသင်းအဖွဲ့ဆိုင်ရာ အချက်အလက်များ

နယူးယောက်ရှိ ရွှေ့ပြောင်းနေထိုင်သူများအတွက်
အရင်းအမြစ် လမ်းညွှန်ချက်တစ်ခု
2023 ခုနှစ်၊ မတ်/ဧပြီ




**New York Immigration Coalition**
nyic.org

နယူးယောက် လူဝင်မှုကြီးကြပ်ရေးအဖွဲ့အနေဖြင့် အသင်းအဖွဲ့ဝင်များ၊ ကျွန်ုပ်တို့၏ ပါတနာများနှင့် ၎င်းတို့နှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေသည့် မိတ်ဖက်များအတွက် အရင်းအမြစ်ပေးအပ်နိုင်ရန် အလို့ငှာ ယခု အချက်အလက်ကို စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ယခုအချက်အလက်ကို ဥပဒေနှင့်မူဝါဒ အပြောင်းအလဲများအပေါ်မူတည်ပြီး ပုံမှန် အပ်ဒိတ်ပ် ပြုလုပ်ထားပါသည်။

အချက်အလက် နောက်ဆုံးအပ်ဒိတ်ပ်ပြုလုပ်ခဲ့သည့် နေ့ရက် - 03.31.2023

**မာတိကာ**


- ကျန်းမာရေး **3**
- လူဝင်မှုကြီးကြပ်ရေး **4**
- ပညာရေး **7**
- ဒီမိုကရေစီ **8**
- စီးပွားရေး **9**
- သင့်အခွင့်အရေးများကို သိပါ **11**
- အမုန်းပွားသော ပြစ်မှုများ **12**
- NYS အရင်းအမြစ်များ **13**

# ကျန်းမာရေး



**ကျန်းမာရေး အာမခံ**

- Medicaid, Child Health Plus နှင့် the Essential Plan တို့တွင် စာရင်းပေးသွင်းထားသော နယူးယောက်ခ် မြို့သူ/သားများအတွက် အရေးကြီး အပြောင်းအလဲများ မကြာခင် ရောက်လာတော့မှာ ဖြစ်ပါသည်။
    - 2020 ပြည့်နှစ် အစောပိုင်းကတည်းက အဆိုပါအစီအစဉ်များတွင် စာရင်းသွင်းထားသူများမှာ COVID-19 နှင့် ဆက်စပ်သည့် ဖက်ဒရယ်အစိုးရ၏ မူဝါဒများကြောင့် ၎င်းတို့၏ အာမခံများကို အလိုအလျောက် တိုးချဲ့ပေးခံရမည်ဖြစ်သည်။
    - သို့သော်လည်း ဖက်ဒရယ်အစိုးရ၏ စည်းမျဉ်းများအရ နယူးယော့ခ်ပြည်နယ်အနေဖြင့် အဆိုပါ အစီအစဉ်များအတွင်း စာရင်းပေးထားသူများအတွက် အကျုံးဝင်မှု သုံးသပ်ချက်များနှင့် သက်တမ်းတိုးခြင်းများကို ပြန်လည် လုပ်ဆောင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ သင့်အနေဖြင့် သင့်ကျန်းမာရေးအာမခံ သို့မဟုတ် သင့်မိသားစုဝင်၏ ကျန်းမာရေးအာမခံကို သက်တမ်းတိုးခြင်းတို့ လုပ်ဆောင်ဖို့လိုမည်ဟု အဓိပ္ပါယ်ရသည်။
    - 2023 ခုနှစ် နွေဦးမှစပြီး အဆိုပါ အစီအစဉ်များတွင် စာရင်းပေးသွင်းထားသူများထံသို့ ၎င်းတို့၏ စာရင်းသွင်းရက်စွဲ ကုန်ဆုံးချိန်အပေါ်မူတည်ပြီး သက်တမ်းတိုး အသိပေးချက်များကို ပေးပို့သွားမည် ဖြစ်သည်။ သက်တမ်းတိုး အသိပေးချက်များတွင် အာမခံအား သက်တမ်းတိုးခြင်း သို့မဟုတ် အာမခံ ကွာဟမှုရှိနေသည့် ပြဿနာ စသည်တို့အတွက် လုပ်ဆောင်ရမည့် နောက်ဆုံးသတ်မှတ်ရက်များ ပါဝင်သည်။ နောက်ဆုံးသတ်မှတ်ရက်မှာ ၎င်းတို့၏ စာရင်းသွင်းရက်စွဲ နောက်ဆုံးရက်အပေါ် အခြေခံသွားမည်ဖြစ်ပြီး 2023 ခုနှစ်၊ ဇွန်လ 30 ရက်နေ့မှ 2024 ခုနှစ်၊ မေလ 31 ရက်နေ့ထိ အဆင့်ဆင့် သတ်မှတ်သွားမည် ဖြစ်သည်။
    - သက်တမ်းတိုးရမည့်အချိန် အပါအဝင် ကျန်းမာရေး အာမခံဆိုင်ရာ အရေးကြီးအပ်ဒိတ် အချက်အလက်များကို မသိလိုက်ခြင်း မရှိစေရန်အလို့ငှာ နယူးယော့ခ် ပြည်နယ်ကျန်းမာရေးဌာနမှ သတိပေးစာတိုများ လက်ခံဖို့ စာရင်းသွင်း ဝင်ရောက်ပါ-
        - 1-866-988-0327 သို့ START ဟု စာပို့ပါ (စပိန်ဘာသာဖြင့်ဆိုပါက INCIAR ဟု ပေးပို့ပါ)
    - နောက်ထပ် အချက်အလက်များအတွက် ဝင်ရောက်ရန် လင့်ခ်- info.nystateofhealth.ny.gov/COVID-19-Changes
- နယူးယောက်မြို့သူ/သားများအနေဖြင့် အစိုးရနှင့် ကုန်သွယ်ရေးဆိုင်ရာ ကျန်းမာရေးအာမခံကို နယူးယောက်ပြည်နယ် ကျန်းမာရေးဌာနမှတစ်ဆင့် ရယူနိုင်ပါသည်။
    - သင့်အနေဖြင့် 2023 ခုနှစ်အတွင်း စီးပွားရေး လုပ်ငန်းဆိုင်ရာ ကျန်းမာရေးအာမခံကို ရယူနိုင်ရန်အတွက် 2023 ခုနှစ်၊ မေလ 11 ရက်နေ့ နောက်ဆုံးထားပြီး စာရင်းသွင်းရမည်။
    - သင့်အနေဖြင့် တစ်နှစ်တာအတွင်း Medicaid, Child Health Plus နှင့် Essential Plan တို့တွင် အချိန်မရွေး စာရင်းသွင်းနိုင်သည်။
- စာရင်းပေးသွင်းပုံ
    - လမ်းညွှန်သူထံမှ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ စာရင်းသွင်းအကူအညီ ရယူပါ။ လမ်းညွှန်သူကို info.nystateofhealth.ny.gov/ipanavigatorsitelocations တွင် ရှာဖွေပါ။
    - NY ပြည်နယ်ကျန်းမာရေးဌာန သုံးစွဲသူဝန်ဆောင်မှုနံပါတ် 1-855-355-5777 သို့ ဖုန်းခေါ်ဆိုပါ။
    - အွန်လိုင်းမှ ဆောင်ရွက်လိုပါက nystateofhealth.ny.gov သို့ ဝင်ရောက်ပါ။ သင့်လျှောက်လွှာကို ပြည့်စုံစွာ ဖြည့်သွင်းနိုင်ဖို့ ရုံးချိန်အတွင်း ကူညီပေးမည့် သုံးစွဲသူဝန်ဆောင်မှု ဝက်ဘ်ဆိုက်ဖြစ်ပြီး ဆွေးနွေးရန် စကားပြောခန်းတစ်ခု ရှိပါသည်။
    - နယူးယောက်မြို့တွင် နေထိုင်သူများ- အကူအညီနှင့် နောက်ထပ် အရင်းမြစ်များအတွက် 311 ကိုခေါ်ပါ၊ 877-877 သို့ "CoveredNYC" ဟု စာတိုပေးပို့ပါ သို့မဟုတ် on.nyc.gov/healthinsurance သို့ ဝင်ကြည့်ပါ။
- ကျန်းမာရေးအာမခံအကြောင်းကို ဘာသာစကားမျိုးစုံဖြင့် ရှာဖွေနိုင်ရန် info.nystateofhealth.ny.gov/InformationalMaterials

**ဖက်ဒရယ် ပြည်သူ့ကျန်းမာရေး အရေးပေါ်ကာလ ပြီးဆုံးခြင်း**

- ဖက်ဒရယ်အစိုးရအနေဖြင့် COVID-19 ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်ကာလ တစ်ခုကို 2020 ပြည့်နှစ်က ကြေညာခဲ့သည်။ အဆိုပါ အရေးပေါ် ကြေညာချက်မှာ 2023 ခုနှစ်၊ မေလ 11 ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်သည်။
- သို့ဖြစ်၍ COVID-19 ကာကွယ်ဆေးများ၊ စစ်ဆေးခြင်းနှင့် ကုသမှုခံယူခြင်း စသည်တို့အပါအဝင် ကျန်းမာရေးအာမခံ အစီအစဉ်များအပေါ် အပြောင်းအလဲ ရှိသွားမည်ဖြစ်သည်။
    - အာမခံအစီအစဉ်များ ရယူထားသည့် ကာကွယ်ဆေးများကို ဆက်လက်ရရှိသွားမည် ဖြစ်သည်။
    - လူအများစုအတွက် ပေးထားသည့် အခမဲ့စစ်ဆေးမှု ရယူနိုင်ခြင်း (လူကိုယ်တိုင် သို့မဟုတ် အိမ်တိုင်ရာရောက် စစ်ဆေးခြင်း) အစီအစဉ်မှာ ပြီးဆုံးသွားမည် ဖြစ်သည်။
    - ဖက်ဒရယ်အစိုးရက ဝယ်ယူထားသည့် ကုသမှု အစီအစဉ်များမှာ ထောက်ပံ့မှုသက်တမ်း ကုန်ဆုံးချိန်အထိ လူနာများအတွက် အခမဲ့ ဆက်လက် ကျန်ရှိသွားမည် ဖြစ်သည်။
    - အာမခံ အသေးစိတ်အချက်အလက်များသည် သင့်ကျန်းမာရေးအာမခံစီမံကိန်း သို့မဟုတ် အစီအစဉ်အပေါ်မူတည်ပြီး အပြောင်းအလဲရှိသွားမည် ဖြစ်သည်။

# လူဝင်မှုကြီးကြပ်ရေး 1/3

**ကနေဒါနိုင်ငံအတွင်း ဝင်ရောက်ရန် ဆန္ဒရှိသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် Roxham လမ်းမကြီးမှာ ယခုပိတ်သွားပြီဖြစ်သည်**


- 2023 ခုနှစ်၊ မတ်လ 24 ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့သည် Safe Third Country Agreement (ဘေးကင်းလုံခြုံသည့် တတိယ နိုင်ငံသဘောတူညီချက်) ဆိုင်ရာ အပြောင်းအလဲများကို ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံအကြားက နယ်စပ်ဧရိယာပေါ်တွင် မည်သူမဆို ခိုလှုံခွင့်တောင်းနိုင်ကြောင်း ဆုံးဖြတ်ပေးထားသည်။
- 2023 ခုနှစ်၊ မတ်လ 25 ရက်နေ့မှစပြီး Roxham လမ်းမကြီးမှ တစ်ဆင့်ဖြစ်စေ သို့မဟုတ် အခြားသော ပုံမှန်မဟုတ်သည့် ဖြတ်သန်းရာ နေရာများမှဖြစ်စေ ကနေဒါနိုင်ငံထဲသို့ ဝင်ရောက်လာသူများ အနေဖြင့် တိကျသည့် ကင်းလွတ်ခွင့်များနှင့် ၎င်းအား သက်သေမပြနိုင်ပါက ကနေဒါနိုင်ငံအတွင်း ခိုလှုံခွင့် တောင်းခံနိုင်မည် မဟုတ်တော့ပါ။
- သတ်မှတ်အရည်အချင်း မပြည့်မီပါက သင့်ကို အမေရိကန်ပြည်ထောင်စုသို့ ပြန်ပို့ခံရမည်ဖြစ်ပြီး ကနေဒါနိုင်ငံတွင် ခိုလှုံခွင့်တောင်းဆိုမှုကို နောက်ထပ် ပြုလုပ်ခွင့် မရှိတော့ပါ။ ထိုသို့ ပြန်ပို့ခံရပြီး နောက်ပိုင်း သင့်အား အမေရိကန်ပြည်ထောင်စုအတွင်း ထိန်းသိမ်းထားခံရမည်ဖြစ်ပြီး သင့်မွေးရပ်နိုင်ငံသို့ပင် ပြန်ပို့ခံရနိုင်သည်။
- နောက်ထပ်အချက်အလက်များ (အင်္ဂလိပ်၊ စပိန်နှင့် ပြင်သစ်ဘာသာဖြင့်) နှင့် သင့်အခြေအနေအတွက် အကြံဉာဏ်ရယူနိုင်ဖို့ bridgesnotborders.ca တွင် ဝင်ရောက်လေ့လာပါ။

**ကျူးဘား၊ ဟေတီ၊ နီကာရာဂွာနှင့် ဗင်နီဇွဲလား နိုင်ငံသားများအတွက် လုပ်ငန်းစဉ်အသစ်များ**

- ကျူးဘား၊ ဟေတီ၊ နီကာရာဂွာနှင့် ဗင်နီဇွဲလား နိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ခွင့်ပြုပေးထားသည့် အမေရိကန်ပြည်ထောင်စုသို့ လာရောက်ရန် တောင်းဆိုနိုင်သော လုပ်ငန်းစဉ်အသစ် တစ်ခုကို DHS က ကြေညာခဲ့ပါသည်။
- ပြည်ဝင်ခွင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော်လည်း ဝင်ရောက်ခွင့် အထောက်အထားများ မရှိနေသည့် အမေရိကန်ပြည်ထောင်စုပြင်ပရှိ အခြားနိုင်ငံသားများအတွက် လူသားချင်း စာနာထောက်ထားရေး အခြေအနေများကြောင့် ခရီးသွား ကြိုတင်ခွင့်ပြုချက် နှင့် ယာယီကတိဝန်ခံချက် ကာလတို့အပေါ် ယခုအခါ ကေ့စ်တစ်ခုစီအလိုက် ထည့်သွင်း စဉ်းစားပေးနေပါသည်။
- ယခုလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန်အတွက် သက်ဆိုင်သူ တစ်ဦးချင်းစီအနေဖြင့် ၎င်းတို့အား ငွေကြေးထောက်ပံ့မှုပေးရန် သဘောတူထားသည့် အမေရိကန်ပြည်ထောင်စုအတွင်း နေထိုင်သူတစ်ဦး ရှိရမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် လုံခြုံရေး စစ်ဆေးမှုနှင့် နောက်ကြောင်းစစ်ဆေးမှုတို့ကို အောင်မြင်ထားပြီး အခြားအရည်အချင်း သတ်မှတ်ချက်များကိုလည်း ပြည့်မီပြီးသူ ဖြစ်ရမည်။
- ယခုအစီအစဉ်အကြောင်း ပိုသိနိုင်ရန် uscis.gov/CHNV သို့ ဝင်ရောက်လေ့လာပါ။

**လတ်တလော ရောက်ရှိလာသူများနှင့် ခိုလှုံခွင့်တောင်းခံသူများအတွက် အချက်အလက်များ**

- အမေရိကန်ပြည်ထောင်စုအစိုးရအတွင်း လူဝင်မှုကြီးကြပ်ရေး အေဂျင်စီ များစွာရှိပါသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် အခွန်စည်းကြပ်ရေး (ICE) အေဂျင်စီသည် လူဝင်မှုကြီးကြပ်ရေးဥပဒေများကို စည်းကြပ်သည့်အေဂျင်စီဖြစ်ပြီး Intensive Supervision Appearance Program (ISAP) သည် အချို့သော ရွှေ့ပြောင်းနေထိုင်သူများအား စောင့်ကြည့်သွားမည့် ICE ၏ အစီအစဉ် အမည်ဖြစ်သည်။
- အချို့ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ၎င်းတို့ကိစ္စ၏ တစိတ်တပိုင်းအဖြစ် ICE သို့မဟုတ် ISAP တို့နှင့် ပုံမှန်စစ်ဆေးဖို့ လိုအပ်သည်။ သင်သည် အမေရိကန်ပြည်ထောင်စုသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူဖြစ်ပြီး နိုင်ငံထဲသို့ဝင်ရောက်ပြီး အချိန်ခဏကြာ ထိန်းသိမ်းထားခံရသူဖြစ်ပါက သင်က ICE သို့မဟုတ် ISAP check-ins ရှိရမည်။
- Check-in လုပ်ငန်းစဉ်အတွက် နောက်ထပ်အချက်အလက်များကို သိရဖို့ အောက်ပါတို့ကို ကြည့်ပါ-
  - help.asylumadvocacy.org/faqs-ice-isap (အင်္ဂလိပ်ဘာသာ)
  - apoyodeasilo.org/preguntas-frecuentes-ice-isap (စပိန်ဘာသာ)
- သင်က အမေရိကန်အတွင်းသို့ ရောက်ရှိလာပါက သင့်နေရပ်လိပ်စာကို အမေရိကန်ပြည်ထောင်စု အစိုးရထံ အသိပေးသွားဖို့ အရေးကြီးပါသည်။ သို့မှသာ ကြားနာမှု သို့မဟုတ် အင်တာဗျူး စသည်တို့အတွက် အရေးကြီး စာရွက်စာတမ်းများကို စာတိုက်မှတစ်ဆင့် လက်ခံရရှိနိုင်မည် ဖြစ်သည်။ သင်နှင့် အပြန်အလှန် ဆက်သွယ်ဆက်ဆံမှုရှိသော လူဝင်မှုကြီးကြပ်ရေး အေဂျင်စီတိုင်းနှင့် တစ်ခုချင်းစီ သင့်လိပ်စာကို အပ်ဒိတ်ပြုလုပ်သွားရမည် ဖြစ်သည်။
- ပြောင်းရွှေ့ခြင်းနှင့် သင့်နေရပ်လိပ်စာ အိပ်ဒိတ် ပြုလုပ်ခြင်းဆိုင်ရာ အချက်အလက်များအတွက် အောက်ပါလင့်ခ်များတွင် ဝင်ရောက်လေ့လာပါ-
  - asylumadvocacy.org/faqs-moving-traveling (အင်္ဂလိပ်ဘာသာဖြင့်)
  - apoyodeasilo.org/preguntas-frecuentes-mudanza-viajes (စပိန်ဘာသာဖြင့်)



# လူဝင်မှုကြီးကြပ်ရေး 2/3

**ကလေးငယ်ဘဝတွင် ရောက်ရှိလာခြင်းအတွက် ရွှေ့ဆိုင်းထားသော ဆောင်ရွက်ချက် (DACA)**

- 2022 ခုနှစ်၊ အောက်တိုဘာလ 5 ရက်နေ့တွင် Louisiana ရှိ ဖက်ဒရယ်အယူခံတရားရုံးတစ်ခုက DACA သည် လက်ရှိ အကောင်အထည်ဖော်နေသည့် တရားဝင်အစီအစဉ်တစ်ခုမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ အယူခံတရားရုံးသည် အဆိုပါ ကိစ္စရပ်အား 2022 ခုနှစ်၊ အောက်တိုဘာလ 31 ရက်နေ့တွင် စတင်အသက်ဝင်မည့် Biden စီမံအုပ်ချုပ်ရေး၏ 2022 DACA စည်းမျဉ်းအသစ် ထည့်သွင်းစဉ်းစားရေးအတွက် Texas ခရိုင်တရားရုံးသို့ ပြန်လည်ပေးပို့ခဲ့သည်။
- ကြားနာမှုဆောင်ရွက်ခြင်းက ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပြီး အစီအစဉ်အတွက် အခြားသော ထပ်ဆောင်းကုန်ကျမှုမျိုး ဖြစ်လာကောင်း ဖြစ်လာနိုင်ပါသည်။
- လတ်တလောတွင် DHS အနေဖြင့် DACA သက်တမ်းတိုးတောင်းဆိုချက်များ (အလုပ်လုပ်ခွင့်နှင့် ခံဝန်ဖြင့် ကြိုတင်လွှတ်ပေးခြင်းအတွက် တောင်းဆိုချက်များ အပါအဝင်) ကို လက်ခံကာ ဆောင်ရွက်ပေးနေပါသည်။ DHS အနေဖြင့် လက်ခံသွားမည်ဖြစ်သော်လည်း ပထမဆုံးအကြိမ် DACA တောင်းဆိုချက်များကိုမူ လုပ်ဆောင်ပေးမည် မဟုတ်ပါ။
  - သင့်တွင် လက်ရှိ DACA ရှိနေပါက သင်သည် အကျုံးဝင်နေပါသေးသည်။
  - သင်၏ DACA သက်တမ်းကုန်တော့မည် ဆိုပါက ယခုပင် သက်တမ်းတိုးလိုက်ပါ။
  - အာမခံချက် မရသေးသော USCIS တွင် လျှောက်ထားသည့် သင့်ပထမဆုံးသော DACA လျှောက်ထားမှုသည် ရပ်တံ့နေမည်ဖြစ်ပြီး ထပ်မံညွှန်ကြားချက် မရရှိမချင်း ဆောင်ရွက်မည် မဟုတ်ပါ။
- Deferred Action for Childhood Arrivals (DACA) ကို ယခင်လက်ခံရရှိထားပြီး ဖြစ်သူတိုင်းသည် ပုံစံစာရွက် I-821D (DACA သက်တမ်းတိုး လျှောက်လွှာ) နှင့် I-765 (အလုပ် ပါမစ်သက်တမ်းတိုး လျှောက်လွှာ) တို့ကို အွန်လိုင်းမှတစ်ဆင့် ယခုပဲ တင်သွင်းနိုင်ပါသည်။
  - ယခု အကျုံးဝင်မှုမှာ လက်ရှိ DACA ရှိသူ သို့မဟုတ် ပြီးခဲ့သည့် တစ်နှစ်ထက်မပိုသော DACA သက်တမ်း ကုန်ခဲ့သူများအတွက်သာ ဖြစ်သည်။
  - DACA ကို အွန်လိုင်းတွင် သက်တမ်းတိုးခြင်းနှင့် ပတ်သက်သည့် နောက်ထပ်အချက်အလက်များ အတွက်- uscis.gov/humanitarian/renew-your-daca

**ယာယီ ကာကွယ်ထားသော အခြေအနေ (TPS) နှင့် နိုင်ငံမှထွက်ခွာရေး တွန်းအားပေးမှုအား ရွှေ့ဆိုင်းခြင်း (DED)**

- အမေရိကန်ပြည်ထောင်စုအစိုးရအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားများ ၎င်းတို့နိုင်ငံသို့ ဘေးကင်းစွာပြန်သွားရေးကို တားဆီးစေသည့် လက်နက်ပဋိပက္ခ သို့မဟုတ် သဘာဝဘေးအန္တရာယ် စသည့် အချို့သော အခြေအနေများရှိပါက TPS အတွက် နိုင်ငံရပ်ခြား နိုင်ငံတစ်ခုကို သတ်မှတ်နိုင်သည်။
- အဆိုပါသတ်မှတ်ထားသည့်ကာလအတွင်း TPS အတွက် လျှောက်ထားသူတိုင်းနှင့် TPS ရရှိသူများအနေဖြင့် အောက်ပါအခွင့်အရေးတို့ ရရှိနိုင်မည်-
  - နိုင်ငံမှ နှင်ထုတ်ခံရခြင်းမှ ကာကွယ်ထားခံရခြင်း
  - အလုပ်ပါမစ်တစ်ခုနှင့် လူမှုဖူလုံရေးနံပါတ် ရရှိမည်
  - ခရီးသွားခွင့်ပြုချက် ရရှိမည်
  - ၎င်းတို့၏ လူဝင်မှုကြီးကြပ်ရေးအဆင့်အတန်း ကြောင့် DHS ၏ ထိန်းသိမ်းမှု မခံရနိုင်ခြင်း
- TPS သည် အမြဲတမ်းနေထိုင်ခွင့်အဆင့်အတန်း အတွက်မဟုတ်သည့် ယာယီအကျိုးခံစားခွင့်တစ်ခု ဖြစ်သည်။ သို့သော် TPS ကိုင်ဆောင်ထားသူများ အနေဖြင့် အခြားမည်သည့် လူဝင်မှုကြီးကြပ်ရေး အကျိုးခံစားခွင့်ကိုမဆို သို့မဟုတ် ၎င်းတို့အရည်အချင်းပြည့်မီသည့် လူဝင်မှုကြီးကြပ်ရေး မဟုတ်သည့် မည်သည့်အဆင့်အတန်းကိုမဆို လျှောက်ထားနိုင်သည်။
- TPS အတွက် လတ်တလော သတ်မှတ်ထားသည့် နိုင်ငံများမှာ-
  - အာဖဂန်နစ္စတန်၊ ဘားမား (မြန်မာ)၊ ကင်မရွန်း၊ အယ်လ်ဆာဗေးဒေါ်၊ အီသီယိုးပီးယား၊ ဟေတီ၊ ဟွန်ဒူးရပ်စ်၊ နီပေါ၊ နီကာရာဂွါ၊ ဆိုမာလီယာ၊ ဆူဒန်၊ တောင် ဆူဒန်၊ ဆီးရီးယား၊ ယူကရိန်း၊ ဗင်နီဇွဲလား၊ ယီမင်
- အသေးစိတ် နိုင်ငံအချက်အလက်များအတွက် အရည်အချင်းပြည့်မီမှု လိုအပ်ချက်များ၊ မှတ်ပုံတင် ကာလများနှင့် နောက်ဆုံးရအချက်အလက်များ သိနိုင်ရန် uscis.gov/TPS တွင် ဝင်ရောက် လေ့လာပါ။
- အားလုံးသော TPS လျှောက်ထားသူများအနေဖြင့် ယခုအခါ ပုံစံစာရွက် I-821 ကို ဖွင့်နိုင်ပါပြီ၊ ယာယီ ကာကွယ်ထားသော အဆင့်အတန်းအတွက် လျှောက်လွှာများကို အွန်လိုင်းတွင် uscis.gov/i-821 မှ ကြည့်ရှုနိုင်သည်။
- အလုပ်အကိုင် ခွင့်ပြုချက် လျှောက်လွှာဖြစ်သည့် ပုံစံစာရွက် I-765 အား အီလက်ထရောနစ်စနစ်ဖြင့် တင်သွင်းထားသည့် အချို့သော TPS အကျိုးခံစားခွင့် ရှိသူများနှင့် လျှောက်ထားသူများ အနေဖြင့် အလုပ်အကိုင်ခွင့်ပြုချက် စာရွက်စာတမ်း (EAD) အား 540 ရက် အလိုအလျောက် သက်တမ်းတိုးခြင်းဆိုင်ရာ ဘာသာစကားပါဝင်သည့် လက်ခံရရှိခြင်းပြေစာ အသိပေးချက်ကို မရရှိခဲ့ပါ။ အဆိုပါ ပုဂ္ဂိုလ်များ အနေဖြင့် 2023 ခုနှစ်၊ မတ်လမှ စတင်ပြီး မှန်ကန်သော၊ ပရင့်ထုတ်လို့ရနိုင်သော ပြေစာအသိပေးချက် တစ်စောင်ကို ရရှိနိုင်ဖို့ ၎င်းတို့၏ USCIS အွန်လိုင်းအကောင့်တွင် လက်မှတ်ထိုးနိုင်ပြီး ၎င်းအား စာတိုက်မှတစ်ဆင့်လည်း လက်ခံရရှိနိုင်မည်ဖြစ်သည်။ နောက်ထပ်အချက်များအတွက် uscis.gov/eadautoextend သို့ ဝင်ရောက်လေ့လာပါ။

# လူ့ဝင်မှုကြီးကြပ်ရေး 3/3

**အာဖဂန်နှင့် ယူကရိန်း ခံဝန်ရရှိထားသူများအတွက် အလုပ်အကိုင်ခွင့်ပြုချက်**

- 2022 ခုနှစ်၊ နိုဝင်ဘာလ 1 ရက်နေ့မှ စတင်ပြီး ခံဝန်ရရှိထားသည့် အချို့သော ယူကရိန်းနိုင်ငံသားများနှင့် အာဖဂန်နိုင်ငံသားများ၊ အရည်အချင်းပြည့်မီသည့် ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် ရောက်ရှိချိန်တွင် အလုပ်လုပ်ဖို့ ခွင့်ပြုပေးမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် အမေရိကန်ပြည်ထောင်စုအတွင်း အလုပ်မလုပ်ခင် အလုပ်အကိုင်ခွင့်ပြုချက်ဖြစ်သည့် ပုံစံ I-765 ကိုအတည်ပြုရေး USCIS ကို စောင့်ဆိုင်းရန်မလိုဟု အဓိပ္ပါယ်ရပါသည်။
- အရည်အချင်းပြည့်မီသည့် ခံဝန်ရရှိထားသူများအနေဖြင့် ၎င်းတို့၏ အလုပ်အကိုင် တရားဝင်မှုအား အတည်ပြုဖို့ အလုပ်ရှင်ထံ I-94 ကို ပြသရန်သာ လိုအပ်မည်ဖြစ်သည်။ ရက်ပေါင်း 90 ပြီးပါက ၎င်းတို့ အလုပ်ရှင်ထံ EAD (အလုပ်ပါမစ်) ကို ပြသဖို့ လိုမည်ဖြစ်သည်၊ သို့သော် ပုံစံ I-765 တင်သွင်းခ ကင်းလွတ်မည်ဖြစ်သည်။
- နောက်ထပ် အသေးစိတ်အချက်များအတွက် uscis.gov/newsroom/alerts/certain-afghan-and-ukrainian-parolees-are-employment-authorized-incident-to-parole သို့ ဝင်ရောက်လေ့လာပါ။

**ယူကရိန်းအတွက် ပေါင်းစည်းခြင်း**

- ယူကရိန်းအတွက် ပေါင်းစည်းခြင်း အစီအစဉ်အနေဖြင့် ယူကရိန်းနိုင်ငံသားများနှင့် အမေရိကန်ပြည်ထောင်စု ပြင်ပရှိ ၎င်းတို့၏ အနီးကပ်မိသားစုဝင်များအား အမေရိကန်သို့ လာရောက်နိုင်ရေးနှင့် ခံဝန်ချက်ဖြင့် နှစ်နှစ်တာ ကာလထိ ယာယီနေထိုင်ရေး လမ်းကြောင်းကို ဆောင်ရွက်ပေးပါသည်။
- ယူကရိန်းအတွက် ပေါင်းစည်းခြင်းတွင် ပါဝင်သည့် ယူကရိန်းနိုင်ငံသားများအနေဖြင့် ၎င်းတို့နေထိုင်သည့် ကာလ အတိုင်းအတာအတွက် ငွေကြေးထောက်ပံ့ပေးဖို့ သဘောတူထားသည့် အမေရိကန်နိုင်ငံက ထောက်ပံ့သူတစ်ဦး ရှိထားဖို့လိုပါသည်။
- အစီအစဉ်နှင့် လျှောက်ထားရေး လုပ်ငန်းစဉ်များအတွက် ပိုမိုသိရှိနိုင်ရန် DHS webpage ဖြစ်သည့် dhs.gov/ukraine ကို ကြည့်ပါ။
- ယူကရိန်းနိုင်ငံ စည်းလုံးညီညွတ်ရေး အစီအစဉ် မတိုင်မီ အမေရိကန်ပြည်ထောင်စုအတွင်းသို့ ခံဝန်ကတိနှင့် ပြည်ပနေထိုင်ခွင့်ဖြင့် ရောက်ရှိလာသော ယူကရိန်းနိုင်ငံသားများအနေဖြင့် ယေဘူယျအားဖြင့် တစ်နှစ်တာ ပြည်ပနေထိုင်ခွင့် ရရှိသွားမည်ဖြစ်သည်။ DHS အနေဖြင့် အဆိုပါကေ့စ်များအား တစ်နှစ်တာ သက်တမ်းတိုးဖို့ တစ်ခုချင်းစီ ပြန်လည်စစ်ဆေးလျက်ရှိသည်။
    - သက်တမ်းတိုးမှု အတည်ဖြစ်ပါက အပ်ဒိတ်ပြုလုပ်ထားသည့် I-94s ကို i94.cbp.dhs.gov တွင် ရရှိနိုင်သည်။ အလုပ်အကိုင်ခွင့်ပြုချက်များမှာလည်း သက်တမ်းတိုးသွားမည် ဖြစ်ပြီး USCIS အနေဖြင့် I-797C ပုံစံစာရွက် တစ်စောင်ကို စာတိုက်မှ ပေးပို့သွားမည်ဖြစ်သည်။

**အာဖဂန် ဒုက္ခသည်များနှင့် လွတ်ငြိမ်းချမ်းသာခွင့် ရရှိလာသူများအတွက် အရင်းအမြစ်များ**

- 2022 ခုနှစ်၊ အောက်တိုဘာလ 1 ရက်နေ့မှစပြီး Biden စီမံအုပ်ချုပ်ရေးအနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ခံဝန်ခွင့်ပြုချက် အသုံးပြုခြင်းကို ရပ်ဆိုင်းခဲ့ပြီး ၎င်းအစား အမြဲတမ်း တရားဝင်အခြေအနေတစ်ခု ပေးထားသည့် ရွှေ့ပြောင်းနေထိုင်ရေး အစီအစဉ်များအတွက် အရည်အချင်းပြည့်မီသည့် အာဖဂန် နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားရေးအတွက် အဓိက ဆောင်ရွက်သွားမည် ဖြစ်သည်။
- 2022 ခုနှစ်၊ နိုဝင်ဘာလ 22 ရက်နေ့တွင် USCIS အနေဖြင့် အချို့သော အာဖဂန်နိုင်ငံသားများအတွက် ဖိုင်တွဲခ ကင်းလွတ်ခွင့်နှင့် မြန်ဆန်သည့် လျှောက်လွှာလုပ်ငန်းစဉ်ကို 2023 ခုနှစ်၊ စက်တင်ဘာလ 30 ရက်နေ့ထိ သက်တမ်းတိုးမြှင့်ပေးကြောင်း ကြေညာခဲ့သည်။
- ဖယ်ဒရယ်အစိုးရ၏ အချက်အလက်များ-
    - USCIS အာဖဂန်နစ္စတန်အတွက် လမ်းညွှန်ချက်- uscis.gov/humanitarian/information-for-afghans
    - အင်္ဂလိပ်၊ ဒါရီနှင့် ပါရှတို တို့ဖြင့် "အာဖဂန် အထူး ရွှေ့ပြောင်းနေထိုင်သူ ဗီဇာ ကိုင်ဆောင်ထားသူများနှင့် လွတ်ငြိမ်းခွင့်ဆိုင်ရာ အလုပ်အကိုင် အချက်အလက်"- justice.gov/crt/worker-information
    - ဒုက္ခသည်များ ပြန်လည်နေရာချထားရေးဆိုင်ရာ ရုံးမှ ဦးစီးဆောင်ရွက်သော ဖယ်ဒရယ်အစိုးရ၏ အာဖဂန် ကူညီထောက်ပံ့ရေး အရင်းအမြစ်များ- acf.hhs.gov/orr/programs/refugees/afghan-assistance-resources
- ပြန်လည်နေရာချထားရေး အရင်းအမြစ်များ-
    - New York State – I-ARC's Afghan Resettlement Project: immigrantarc.org/afghanistan
    - New York City –Dari နှင့် Pashto: ရှိ မြို့တော်ဝန်ဆောင်မှု လမ်းစဉ်များ အပါအဝင်- nyc.gov/afghanistanresources
    - Western New York – Buffalo United for Afghan Evacuees: wnyrac.org
    - Albany/Capital region – အရင်းအမြစ် စာရင်း- bit.ly/3kvWRZd
    - Ithaca/Finger Lakes region - Cornell အာဖဂန် နစ္စတန် အရင်းအမြစ်စာရင်း-bit.ly/3CwfFxy



# ပညာရေး

**Promise NYC ကလေးသူငယ် စောင့်ရှောက်ရေး အထောက်အပံ့**

- 2023 ခုနှစ်၊ ဇန်နဝါရီလတွင် နယူးယောခ်မြို့အနေဖြင့် ၎င်းတို့၏ လူဝင်မှုကြီးကြပ်ရေး အခြေအနေများကြောင့် ယခင်က သတ်မှတ်ချက် မပြည့်မီခဲ့သော၊ စာရွက်စာတမ်း အထောက်အထား မရှိသော သို့မဟုတ် နိုင်ငံသားမဟုတ်သော ဝင်ငွေနည်း မိသားစုများအတွက် ကလေးသူငယ် စောင့်ရှောက်ရေး ထောက်ပံ့ငွေပေးသွားမည့် Promise NYC အစီအစဉ်ကို မိတ်ဆက်ခဲ့သည်။
- အဆိုပါ အစီအစဉ်အနေဖြင့် အနည်းဆုံး ကလေး 600 ခန့်ကို 2023 ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လထိ ထောက်ပံ့ပေးသွားမည်။
- အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် မိသားစုများ အကျုံးဝင်မည်-
  - အခြားသော ကလေးသူငယ် ထောက်ပံ့မှုများအတွက် အကျုံးဝင်ခြင်း မရှိပါက
  - အသက် 0 မှ 13 နှစ်အရွယ် ကလေးတစ်ဦး ရှိပါက
  - ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှုအဆင့် သတ်မှတ်ချက် 300% အောက်နည်းသည့် ဝင်ငွေရှိသော အိမ်ထောင်စုဖြစ်ပါက
- သက်ဆိုင်ရာ မိသားစုများအနေဖြင့် အောက်ဖော်ပြပါ သတ်မှတ်လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများထံ အမြန်ဆုံး လျှောက်ထားဖို့ တိုက်တွန်းအပ်ပါသည်-
  - Bronx and Manhattan: Northern Manhattan Improvement Corporation (212-822-8300, nmic.org/promisenyc)
  - Brooklyn: Center for Family Life (718-438-9500, centerforfamilylife.org)
  - Staten Island: La Colmena (718-442-7700, lacolmenanyc.org)
  - Queens: Chinese-American Planning Council (718-358-8899, cpc-nyc.org)



**2022–23 ပညာသင်နှစ်**

- NYSED နှင့် အစားထိုး စာမေးပွဲကျင်းပရေး ဘုတ်အဖွဲ့က စာမေးပွဲများကို 2020 ခုနှစ် ဇွန်လနှင့် 2020 ခုနှစ် ဩဂုတ်လ၊ 2021 ခုနှစ် ဇန်နဝါရီလ၊ 2021 ခုနှစ် ဇွန်လနှင့် 2021 ခုနှစ် ဩဂုတ်လ၊ 2022 ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ရန် COVID-19 ကင်းလွတ်ခွင့်ဆိုင်ရာ အစားထိုး စာမေးပွဲများကျင်းပရန် အတည်ပြုပြီး ဖြစ်ပါသည်။ အကယ်၍ ကျောင်းသားတစ်ဦးက COVID-19 စာမေးပွဲ ကင်းလွတ်ခွင့် ရရှိထားပြီးဖြစ်ပါက အောင်မြင်ရန်အတွက် စာမေးပွဲဖြေဆိုခြင်း၊ ပြန်လည်ဖြေဆိုခြင်းများ ပြုလုပ်ရန် မလိုအပ်ပါ။ ယခုအချက်အနေဖြင့် 2022 ခုနှစ် ဇွန်လ သို့မဟုတ် 2022 ခုနှစ် ဩဂုတ်လများတွင် ပြုလုပ်မည့် စာမေးပွဲများအတွက် COVID-19 စာမေးပွဲ ကင်းလွတ်ခွင့် မပေးထားပါ။
  - COVID-19 စာမေးပွဲ ကင်းလွတ်ခွင့်နှင့် စပ်လျဉ်းပြီး အချက်အလက်များ ပိုမိုသိရှိလိုပါက ကလေးများအတွက် "COVID-19 ကြောင့် စာမေးပွဲအောင်မြင်ခြင်းဆိုင်ရာ လိုအပ်ချက်များအပေါ် ပြောင်းလဲမှုများ အကျဉ်းချုပ်" တွင် အကြံပေးများကို ရှာဖွေပါ။
  - ကျောင်းသားများအတွက် အစားထိုးစာမေးပွဲဆိုင်ရာ အခွင့်အရေး အချက်အလက်များအတွက် "အစားထိုး စာမေးပွဲဆိုင်ရာ အခွင့်အရေး" နှင့်စပ်လျဉ်းပြီး ကလေးများအတွက် အကြံပေးများနှင့် တွေ့ဆုံပါ။
  - အချက်အလက်များကို ဘာသာစကားအမျိုးမျိုးဖြင့် advocatesforchildren.org/get_help/guides_and_resources/transition တွင် ရရှိနိုင်ပါသည်။

**ကောလိပ် ငွေကြေးအထောက်အပံ့ နှင့် NYS DREAM Act**

- ကောလိပ်အတွက် ငွေကြေး လိုအပ်နေပါသလား။ သင်လုပ်ဆောင်ရမည့် ပထမဆုံးအဆင့်မှာ ဖက်ဒရယ် ကျောင်းသား/သူ အထောက်အပံ့ (Federal Student Aid (FAFSA)) အတွက် ဖက်ဒရယ်အစိုးရ၏ အခမဲ့ လျှောက်လွှာတစ်စောင်ကို ဖြည့်သွင်းရန်ဖြစ်သည်။ အခုအချိန်က စတင်ဖို့အချိန်ဖြစ်ပါသည်- အချို့သော ဖက်ဒရယ်နှင့်ပြည်နယ် ငွေကြေးများမှာ အရင်လာသူ အရင်ဦးစားပေး ပုံစံဖြစ်သည်။ studentaid.gov/FAFSA တွင် လျှောက်ထားပါ။
- UnderstandingFAFSA.org ဆိုသည်မှာ ကောလိပ်အတွက် ထောက်ပံ့ငွေရှာဖွေနေသည့် ကျောင်းသား/သူများနှင့် မိသားစုများအတွက် လမ်းညွှန်ချက်နှင့် အရင်းမြစ်များပေးသည့် ဝက်ဘ်ဆိုဒ်တစ်ခုဖြစ်ပြီး ၎င်းမှ အကူအညီ ရယူနိုင်ပါသည်။
  - ၎င်းတို့၏ အထက်တန်းကျောင်းသား/သူများအတွက် FAFSA How-To Guide ကို ဘာသာစကား ဆယ်မျိုးဖြင့် ရယူနိုင်သည်။
  - အဆိုပါဝက်ဘ်ဆိုဒ်အနေဖြင့် စာရွက်စာတမ်းမရှိသော ကျောင်းသား/သူများနှင့် ရွှေ့ပြောင်းမိသားစုများ အတွက် စာမျက်နှာများကို အပ်ဒိတ် ပြုလုပ်ထားပါသည်။
- လွှတ်တော်ကိုယ်စားလှယ် José Peralta အနေဖြင့် နယူးယောက်ပြည်နယ် DREAM Act အရ ကျောင်းသား/သူများအနေဖြင့် ၎င်းတို့၏ အဆင့်မြင့် ပညာရေးကျသင့်ငွေများကို ထောက်ပံ့ပေးမည့် NYS စီမံခန့်ခွဲသော ထောက်ပံ့ကြေးများနှင့် ပညာသင်ဆုများကို ရယူနိုင်ပါသည်။
  - ပိုမိုသိရှိရန် သို့မဟုတ် လျှောက်ထားရန်အတွက် hesc.ny.gov/dream တွင် ဝင်ရောက်လေ့လာပါ

# ဒီမိုကရေစီ

**ကျွန်ုပ်တို့၏ ရွေးကောက်ပွဲစနစ်များအကြောင်း ပိုမိုသိရှိနိုင်ရန်နှင့် ၎င်းတို့၏ လုပ်ဆောင်ပုံကိုသိဖို့ ဗီဒီယိုများကို ကြည့်ပါ-**

- **အင်္ဂလိပ်- youtu.be/-F-xuJ04NpI**
- **စပိန်- youtu.be/kkaEnGIk-pY**

**ကနဦး ရွေးကောက်ပွဲ- 2023 ခုနှစ်၊ ဇွန်လ 27 ရက်**

- ကနဦး ရွေးကောက်ပွဲအတွက် မဲစာရင်း တင်သွင်းရမည့် သို့မဟုတ် သင့်နေရပ်လိပ်စာကို ပြောင်းလဲရမည့် နောက်ဆုံးနေ့ရက်မှာ 2023 ခုနှစ်၊ ဇွန်လ 17 ရက် ဖြစ်သည်။
- နယူးယော့ခ်ပြည်နယ်တွင် ကျင်းပသည့် ကနဦး ရွေးကောက်ပွဲတွင် ပါဝင်ရန်အတွက် သင်သည် ရွေးကောက်ပွဲကျင်းပမည့် ပါတီတစ်ခုတွင် စာရင်းသွင်းရမည်။
  - သင်က လတ်တလောတွင် ပါတီအဖွဲ့ဝင်မဟုတ်ဘဲ ပါတီတစ်ခုတွင် စာရင်းသွင်းလိုပါက သို့မဟုတ် သင့်ပါတီအဖွဲ့ဝင်ဖြစ်မှုအား အပြောင်းအလဲ လုပ်ဆောင်လိုပါက သင့်အပြောင်းအလဲကို သိရှိနိုင်ရန် အလို့ငှာ မဲပေးသူ မှတ်ပုံတင်အသစ် တစ်စောင်ကို ဖြည့်သွင်းရမည်။
  - 2023 ခုနှစ်၊ ဇွန်လ ကနဦး ရွေးကောက်ပွဲအတွက် သင့်ပါတီအမည်စာရင်းသွင်းမှုကို အပြောင်းအလဲ လုပ်ဆောင်နိုင်မည့် နောက်ဆုံးနေ့ရက်မှာ 2023 ခုနှစ်၊ ဖေဖော်ဝါရီလ 14 ရက်နေ့ ဖြစ်သည်။
- သင့်မဲပေးသူ မှတ်ပုံတင်ခြင်းနှင့် ပါတီစာရင်းသွင်းခြင်းအား ပြန်လည်စစ်ဆေးရန်အတွက် voterlookup.elections.ny.gov ကို ဝင်ရောက်ကြည့်ရှုပါ။
  - သင့်မှတ်ပုံတင် အခြေအနေအကြောင်း မေးခွန်းမေးလိုပါက သင့်ကောင်တီ ရွေးကောက်ပွဲဘုတ်အဖွဲ့သို့ ဆက်သွယ်ပါ- www.elections.ny.gov/CountyBoards.html
  - NYC နေထိုင်သူများ- vote.nyc ဝင်ရောက်လေ့လာပါ



**မဲပေးဖို့ စာရင်းသွင်းရန်**

- သင့်အနေဖြင့် အသက် 16 နှစ်အထက် အမေရိကန်နိုင်ငံသားဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီ NY တွင် အနည်းဆုံး ရက် 30 နေထိုင်သူဖြစ်ပါက မဲပေးရန် စာရင်းသွင်းနိုင်သည်။
  - သင့်အနေဖြင့် အသက် 16 နှစ် သို့မဟုတ် 17 နှစ်ဖြစ်ပါက မဲပေးရန် ကြိုတင်စာရင်းသွင်းနိုင်သည်၊ သို့သော် အသက် 18 မပြည့်မီ မဲပေးခွင့်မရှိပါ။
  - သင့်အနေဖြင့် ရာဇဝတ်မှုဖြင့် ထောင်ဒဏ်ကျခံနေပါက သို့မဟုတ် ဉာဏ်ရည်မပြည့်မီကြောင်း တရားရုံးက ဆုံးဖြတ်ထားခံရပါက မဲပေးခွင့်မရှိပါ။
- NYS ရွေးကောက်ပွဲဘုတ်အဖွဲ့- www.elections.ny.gov/VotingRegister.html
- NYC ရွေးကောက်ပွဲဘုတ်အဖွဲ့- vote.nyc/page/register-vote
- အွန်လိုင်းမှာ စာရင်းပေးသွင်းခြင်း (သင့်တွင် NYS ယာဉ်မောင်းလိုင်စင်၊ ပါမစ် သို့မဟုတ် ယာဉ်မောင်းမဟုတ်သည့် ID ရှိပါက)- voterreg.dmv.ny.gov/MotorVoter
- မှတ်ပုံတင် စာရွက်စာတမ်းတစ်စောင်ကို ဖုန်းဖြင့် တောင်းခံနိုင်သည် (အင်္ဂလိပ်ဘာသာ သို့မဟုတ် စပိန်ဘာသာဖြင့် ရရှိနိုင်သည်)- 1-800-FOR-VOTE (1-800-367-8683)
- သင့်အနေဖြင့် မဲပေးဖို့ စာရင်းသွင်းရန် မသေမချာ ဖြစ်နေပါသလား။ သင့်မဲပေးသူ စာရင်းသွင်း အဆင့်အတန်းကို voterlookup.elections.ny.gov တွင် စစ်ဆေးပါ

**"The People's Money" – နယူးယော့ခ်မြို့တော် အနှံ့ ပါဝင်သည့် ဘတ်ဂျက်ရေးဆွဲရေး စီမံကိန်း**

- "The People's Money" အစီအစဉ်သည် နယူးယော့ခ် မြို့တော် ပထမဆုံးသော နယူးယော့ခ်မြို့တော်အနှံ့ ဘတ်ဂျက်ရေးဆွဲရေး (PB) လုပ်ငန်းစဉ် တစ်ခု ဖြစ်ပါသည်။
- အသက် 11 နှစ်နှင့် အထက်ရှိသည့် နယူးယော့ခ် မြို့သူ/သား အားလုံးအနေဖြင့် မထားဘဲ ဒေသတွင်းလူ့အဖွဲ့အစည်း လိုအပ်ချက်များကို ဖြေရှင်းနိုင်ရေး အလို့ငှာ မြို့တော်ဘတ်ဂျက်၏ $5 မီလီယံကို သုံးစွဲသွားမည့် ပရောဂျက်များကို လူဝင်မှုကြီးကြပ်ရေး အဆင့်အတန်းများကို ပမာဏ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။
- အခြေချနေထိုင်သူများအနေဖြင့် 2023 ခုနှစ်၊ ဇွန်လ 25 ရက်နေ့မှစပြီး ၎င်းတို့နှစ်သက်ရာ ပရောဂျက်များကို အွန်လိုင်းမှဖြစ်စေ၊ လူကိုယ်တိုင် ဖြစ်စေ သို့မဟုတ် ဖုန်းဖြင့်ဖြစ်စေ မဲပေးနိုင်ပါသည်။
- နောက်ထပ်အချက်အလက်များအတွက် participate.nyc.gov တွင် ဝင်ရောက်လေ့လာပါ။

# စီးပွားရေး 1/2




**2023 ခုနှစ်အတွက် သင့်အခွန်များကို ပေးဆောင်ခြင်း**

- 2023 အခွန်ကာလမှာ စတင်ပြီးဖြစ်ပါသည်။ IRS အနေဖြင့် 2022 ခုနှစ် အခွန်ပြန်တမ်းများကို လက်ခံပြီး ဆက်လက် ဆောင်ရွက်လျှက်ရှိပါသည်၊ တင်သွင်းရန် နောက်ဆုံးနေ့ရက်မှာ 2023 ခုနှစ်၊ ဧပြီလ 18 ရက်၊ အင်္ဂါနေ့ ဖြစ်သည်။
- 2022 အခွန်နှစ်အတွက် အရေးကြီး အပြောင်းအလဲများ-
  - 2021 ခုနှစ်အတွင်း တိုးထားသည့် အခွန်ခရက်ဒစ် အချို့မှာ 2019 ခုနှစ်အဆင့်များသို့ ပြန်အမ်းမည်ဖြစ်သည်။ ဆိုလိုသည်မှာ နှစ်နာထားသည့် အခွန်ထမ်းများအနေဖြင့် ပြီးခဲ့သည့်အခွန်နှစ်နှင့် နှိုင်းယှဉ်ပါက ပြန်အမ်းငွေအနည်းငယ်ကို ရရှိနိုင်မည်ဖြစ်သည်။ အပြောင်းအလဲများတွင် ကလေးသူငယ် အခွန်ခရက်ဒစ် (CTC)၊ ရရှိထားသော ဝင်ငွေအခွန် ခရက်ဒစ် (EITC) နှင့် ကလေးသူငယ်နှင့် မှီခိုစောင့်ရှောက်မှု ခရက်ဒစ်တို့အတွက် ပမာဏများ ပါဝင်သည်။
    - 2021 ခုနှစ်အတွင်း CTC အတွက် $3,600 ရရှိသည့် မှီခိုသူတစ်ဦးအနေဖြင့် အရည်အချင်းပြည့်မီပါက 2022 အခွန်နှစ်အတွက် $2,000 ရရှိနိုင်မည်။
    - EITC အတွက် 2021 ခုနှစ်အတွင်း အကြမ်းဖျင်း $1,500 ပမာဏရရှိသည့် သတ်မှတ်ချက်ပြည့်မီသည့် ကလေးမရှိသူ အခွန်ထမ်းများအနေဖြင့် 2022 ခုနှစ်တွင် အများဆုံး $560 ရရှိနိုင်မည်။
    - ကလေးသူငယ်နှင့် မှီခိုစောင့်ရှောက်မှု ခရက်ဒစ် ပြန်အမ်းငွေများကို 2021 ခုနှစ်တွင် $8,000 အစား 2022 ခုနှစ်တွင် အများဆုံး $2,100 သို့ ရောက်ရှိမည်။
  - 2020၊ 2021 ခုနှစ်များနှင့် မတူသည်မှာ 2022 တွင် လှုံ့ဆော်မှုပေးငွေ အသစ်များမရှိသည့်အတွက်ကြောင့် အခွန်ထမ်းများအနေဖြင့် နောက်ထပ်ပေးငွေများ ရရှိဖို့ မျှော်လင့်လို့ မရပါ။
  - သင့်အခွန်ပြန်အမ်းမှုအား သက်ရောက်စေမည့် အပြောင်းအလဲများအတွက် နောက်ထပ် အချက်အလက်များကို ကြည့်ဖို့ irs.gov/newsroom/important-tax-alerts-and-news တွင် ဝင်ရောက်လေ့လာပါ
- သင့်အခွန်ဖြည့်သွင်းရေးအတွက် အကူအညီ လိုအပ်နေပါသလား။
  - သင့်အနေဖြင့် စေတနာ့ဝန်ထမ်းဝင်ငွေခွန် အထောက်အကူ (VITA)၊ သက်ကြီးရွယ်အိုများအတွက် အခွန်နှစ်သိမ့်ဆွေးနွေးခြင်း (TCE) နှင့် Tax-Aide အစီအစဉ်များရှိ IRS အသိအမှတ်ပြု စေတနာ့ဝန်ထမ်းများထံမှ အခွန်ပြင်ဆင်ရေး အကူအညီကို အခမဲ့ ရယူနိုင်ပါသည်။
    - သင့်ဝင်ငွေက $60,000 သို့မဟုတ် ၎င်းထက်နည်းပါက၊ သင့်အသက်က 60 နှစ်နှင့်အထက် ဖြစ်ပါက သို့မဟုတ် မသန်စွမ်း ဖြစ်ပါက သို့မဟုတ် အင်္ဂလိပ်ဘာစကား ပြောဆိုရန် အကန့်အသတ်ရှိပါက အဆိုပါ ဝန်ဆောင်မှုများ ရရှိနိုင်သည်။
    - နောက်ထပ် အချက်အလက်များနှင့် သင့်အနီးက ဝန်ဆောင်မှုပေးသည့်နေရာကို ရှာဖွေရန် irs.gov/VITA တွင် ဝင်ရောက်လေ့လာပါ
  - သင့်အနေဖြင့် ပြင်ဆင်ထားသည့် သင့်ပြန်အမ်းငွေကို ရရှိရန်အတွက် IRS အသိအမှတ်ပြု စေတနာ့ဝန်ထမ်းများနှင့် GetYourRefund.org မှတစ်ဆင့် အွန်လိုင်းဖြင့် ချိတ်ဆက်နိုင်ပါသည်
    - သင့်ဝင်ငွေက $66,000 သို့မဟုတ် ၎င်းထက် နည်းပါက အဆိုပါဝန်ဆောင်မှုကို အခမဲ့ ရရှိနိုင်ပြီး သင်က နည်းပညာကောင်းကောင်း သုံးတတ်သူဖြစ်လျင် ပိုကောင်းပါသည်။
  - သင့်ကိုယ်ပိုင်ပြန်အမ်းငွေကို irs.gov/freefile ရှိ IRS Free File မှတစ်ဆင့် ပြင်ဆင်တင်သွင်းနိုင်သည်
    - သင့်ဝင်ငွေက $73,000 သို့မဟုတ် ၎င်းထက် နည်းပါက ပြန်အမ်းငွေပြင်ဆင်ရေး အကူအညီ လမ်းညွှန်ချက်ကို ရရှိနိုင်သည်။
- တစ်ဦးချင်း အခွန်ထမ်း မှတ်ပုံတင်နံပါတ် (ITIN) နှင့် အခွန်များ တင်သွင်းခြင်း
  - အမေရိကန်ပြည်ထောင်စု အခွန်ထမ်း မှတ်ပုံတင်နံပါတ် ရရှိဖို့ လိုအပ်ပြီး ထိုနံပါတ် မရှိသူများ၊ လူမှုဖူလုံရေး နံပါတ် (SSN) အတွက် သတ်မှတ်ချက် မပြည့်မီသူများ အနေဖြင့် ITINs ရရှိနိုင်ပါသည်။ ITINs ရှိထားခြင်းက သင့်အား အခွန်များ တင်သွင်းနိုင်ခြင်းနှင့် သင်ရရှိဖို့ အကျုံးဝင်သည့် အခွန်ခရက်ဒစ်များကို တောင်းဆိုနိုင်ခြင်းတို့ လုပ်ဆောင်ပေးနိုင်ပါသည်။
  - လျှောက်ထားရန် အချက်အလက်များ၊ သင့်အတွက် အကျုံးဝင်သည့် အခွန်ခရက်ဒစ်များနှင့် ITIN တစ်ခု ရရှိဖို့ အခြားအကျိုးခံစားခွင့်များအတွက် taxoutreach.org/tax-filing/itin တွင် ဝင်ရောက်လေ့လာပါ
- ရိုက်စားများကို သတိထားပါ။ IRS အနေဖြင့် သင့်ကိုယ်ရေးကိုယ်တာ သို့မဟုတ် ငွေကြေးအချက်အလက်များအတွက် သင့်ထံ စာတိုပေးပို့ခြင်း၊ အီးမေးလ်ပို့ခြင်း သို့မဟုတ် သင့်အား ဆိုရှယ်မီဒီယာတွင် ဆက်သွယ်ခြင်းတို့ ဘယ်သောအခါမျှ မလုပ်ဆောင်ပါ။
  - လတ်တလောကြုံတွေ့ရသည့် စာသားပေးပို့ ရိုက်စားများ အကြောင်းနှင့်၊ irs.gov/alerts သို့ သိရှိအစီရင်ခံရေးအတွက် နောက်ထပ်လေ့လာပါ

# စီးပွားရေး 2/2

### အနည်းဆုံး လုပ်ခလစာတိုးမြှင့်ရေး

- 2022 ခုနှစ်၊ အောက်တိုဘာလ 1 ရက်နေ့တွင် အသက်ဝင်သည့် အနည်းဆုံး လုပ်ခလစာပမာဏမှာ နယူးယောက်မြို့၊ Long Island နှင့် Westchester မြို့များတွင် နေအိမ်စောင့်ရှောက်မှု အကူများအတွက် အနည်းဆုံး လုပ်ခလစာကို တစ်နာရီလျှင် $17.00 တိုးမြှင့်ပေးခဲ့ပြီး နယူးယောက်ပြည်နယ်ရှိ ကျန်သောနေရာများအတွက် တစ်နာရီလျှင် $15.20 တိုးမြှင့်ပေးခဲ့သည်။
- 2022 ခုနှစ်၊ ဒီဇင်ဘာလ 31 ရက်နေ့မှစပြီး နယူးယောက်မြို့၊ Long Island နှင့် Westchester မြို့ပြင်ပရှိ အလုပ်သမားများအတွက် အထွေထွေအနည်းဆုံး လုပ်ခလစာကို တစ်နာလျှင် $14.20 တိုးမြှင့်ပေးသွားမည် ဖြစ်သည်။
- NYS အနည်းဆုံး လုပ်ခလစာ သတ်မှတ်ချက် အကျဉ်းချုပ်အတွက် dol.ny.gov/minimum-wage-0 တွင် ဝင်ရောက်လေ့လာပါ



### COVID-19 ရင်းနှီးငွေ ကုန်ကျစရိတ် အခွန် ချေးငွေအစီအစဉ်

- COVID-19 ရင်းနှီးငွေ ကုန်ကျစရိတ် အခွန် ချေးငွေအစီအစဉ် $250 မီလီယံကို ကပ်ရောဂါ ဆက်စပ် ကုန်ကျစရိတ်များ၊ ကျန်းမာရေးဆက်စပ် ထောက်ကူပစ္စည်းများနှင့် ပစ္စည်းကိရိယာများ အပြောင်းအလဲ ပြုလုပ်ခြင်း၊ အဆောက်အဦ အဆင့်မြှင့်တင်ခြင်း စသည်တို့ကြောင့် အခက်အခဲဖြစ်နေသည့် NYS အသေးစား စီးပွားရေးလုပ်ငန်းများကို ငွေကြေးအကူအညီ ပေးသည်။
- ယခုအစီအစဉ်သည် နယူးယောက်ပြည်နယ်အတွင်း လည်ပတ်ဆောင်ရွက်နေသည့် ဝန်ထမ်းဦးရေ 100 သို့မဟုတ် ၎င်းအောက်ရှိပြီး စုစုပေါင်းဝင်ငွေ $2.5 မီလီယံအောက်ဖြစ်သော အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် 2021 ခုနှစ်၊ ဇန်နဝါရီလ 1 ရက်နေ့မှ 2022 ခုနှစ်၊ ဒီဇင်ဘာလ 31 ရက်နေ့အတွင်း သတ်မှတ် ကုန်ကျစရိတ် အနည်းဆုံး $2,000 ကျသင့်သည့် စီးပွားရေးလုပ်ငန်း ဖြစ်ရမည်။
- အသေးစား စီးပွားရေးလုပ်ငန်းများအနေဖြင့် သတ်မှတ် ကုန်ကျစရိတ်၏ 50% ဖြစ်သည့် အခွန်ချေးငွေကို သတ်မှတ် ကုန်ကျငွေ $50,000 အပေါ်မူတည်ပြီး အနည်းဆုံးပမာဏ $25,000 ထိ ရရှိနိုင်သည်။
- နောက်ထပ်အချက်အလက်များနှင့် လျှောက်ထားရန် အတွက် esd.ny.gov/covid-19-capital-costs-tax-credit တွင် ဝင်ရောက်လေ့လာပါ။

### New York State Seed Funding Grant Program (နယူးယော့ခ်ပြည်နယ် မျိုးစေ့ရန်ပုံငွေ အစီအစဉ်)

- နယူးယော့ခ်ပြည်နယ် Seed Funding Grant Program အနေဖြင့် နယူးယော့ခ်ပြည်နယ် စီးပွားရေး ပြန်လည်ကောင်းမွန်လာရေးတွင် အောင်မြင်မှု ရရှိနိုင်ရေး အစောပိုင်းအဆင့် စီးပွားရေး လုပ်ငန်းငယ်များကို ထောက်ပံ့ပေးသည်။
- သတ်မှတ်တန်ဖိုးမှာ $5,000 မှ $25,000 ထိ ဖြစ်သည်။
- အရည်အချင်းသတ်မှတ်ချက်-
  - လတ်တလောတွင် ပြောင်းလွယ်ပြင်လွယ်သည့် အသေးစား စီးပွားရေးလုပ်ငန်း၊ ပမာဏငယ်သည့် စီးပွားရေးလုပ်ငန်း သို့မဟုတ် အမိုအခိုကင်းသည့် အနုပညာကန်ထရိုက်တာများ အပါအဝင် အကျိုးအမြတ် အနုပညာအတွက်နှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ခြင်း။
  - 2018 ခုနှစ်၊ စက်တင်ဘာလ 1 ရက်နေ့ သို့မဟုတ် ၎င်းနောက်တွင်စတင်ပြီး လျှောက်လွှာမတင်သွင်းမီ အနည်းဆုံး ခြောက်လကြာ လုပ်ငန်းလည်ပတ်နေခြင်း
  - EIN သို့မဟုတ် SSN က ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်း တစ်ခုတွင် အာမခံတစ်ခုသာရှိခြင်း
  - နယူးယော့ခ်ပြည်နယ် COVID-19 ကပ်ရောဂါကြောင့် ခံစားရသည့် အသေးစား စီးပွားရေး လုပ်ငန်းများ ပြန်လည်နလန်ထူရေး အာမခံ အစီအစဉ်၏ စီးပွားရေးအထောက်အပံ့တွင် အကျုံးမဝင်ခြင်း။
- အရည်အချင်းပြည့်မီမှု၊ စာရွက်စာတမ်းလိုအပ်မှု၊ အရည်အချင်းပြည့်မီမှုဆိုင်ရာ ကုန်ကျစရိတ်နှင့် လျှောက်ထားခြင်းအတွက် nyseedgrant.com ကို လေ့လာပါ။ လျှောက်လွှာတင်သွင်းခြင်း လမ်းညွှန်ကို ဘာသာစကားမျိုးစုံဖြင့် ရရှိနိုင်သည်။

### NYC အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း ရန်ပုံငွေ

- NYC အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း ရန်ပုံငွေအနေဖြင့် နယူးယော့ခ်မြို့၏ ခရိုင်ငါးခုရှိ အသေးစား စီးပွားရေးလုပ်ငန်း ပိုင်ရှင်များနှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် လိုက်လျောညီထွေဖြစ်သော၊ အတိုးနှုန်းနည်းသော ရင်းနှီးငွေနှင့် အခမဲ့စီးပွားရေး အထောက်အပံ့ ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်။
  - အနည်းဆုံး ခရက်ဒစ်ရမှတ် မလိုခြင်း
  - ပုံသေအတိုးနှုန်း 4% ဖြင့် $250,000 ထိ ချေးငွေ ရရှိနိုင်ခြင်း
  - ယုံကြည်ရသည့် ဒေသတွင်း၊ မစ်ရှင်တွန်းအားပေး ငွေချေးသူများထံမှ စီးပွားရေးအထောက်အပံ့များကို အခမဲ့ ရရှိခြင်း
  - လျှောက်ထားရန် လွယ်ကူခြင်း
  - လျှောက်ထားခ မပေးရခြင်း
  - စီးပွားရေးလုပ်ငန်း အဆင့်တိုင်းအတွက် ဖွင့်ပေးထားသည် – စတင်ချိန်မှ၊ တိုးတက်ချိန်၊ ပြန်လည်တည်ဆောက်ချိန်
- နောက်ထပ်အချက်အလက်များနှင့် လျှောက်ထားရန် အတွက် sbsopportunityfund.nyc တွင် ဝင်ရောက်လေ့လာပါ

# သင့်အခွင့်အရေးများကို သိပါ



**လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန် စိုးမိုးမှု (ICE)၊ နယ်ခြားစောင့်တပ် သို့မဟုတ် အခြား တရားဥပဒေ စိုးမိုးရေးကိစ္စရပ်များကို ဆောင်ရွက်သည့်အခါတိုင်း အသင်းအဖွဲ့ အဖွဲ့ဝင်များနှင့် မိတ်ဆက်များအနေဖြင့် ၎င်းတို့၏အခွင့်အရေးများကို သတိပြုသင့်ပါသည်။**

**သင့်အား လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် အခြား တရား ဥပဒေ စိုးမိုးရေးက သင့်အား ရပ်တန့်လိုက်ပါက အောက်ပါတို့ကို လုပ်ဆောင်ရန် သတိရပါ-**

- စိတ်အေးအေးထားပါ။ ထွက်ပြေးခြင်း မလုပ်ပါနှင့်။ ပြန်လည်ခုခံခြင်း သို့မဟုတ် အရာရှိအား ဟန့်တားခြင်းတို့ မလုပ်ပါနှင့်။
- လိမ်ညာခြင်း သို့မဟုတ် မှားယွင်းသည့် စာရွက်စာတမ်းများပေးခြင်းတို့ မလုပ်ပါနှင့်။
- သင့်အနေဖြင့် ဆိတ်ဆိတ်နေရန် အခွင့်အရေး ရှိပါသည်။ သင်ပြောသမျှအရာတိုင်းကို သင့်အား တိုက်ခိုက်ရန် အသုံးပြုနိုင်ပါသည်။
- အေးဂျင့်တစ်ဦးက သင် သို့မဟုတ် သင့်ပိုင်ဆိုင်မှုများကို ရှာဖွေရန် တောင်းဆိုလာပါက သင့်ဘက်က မလုပ်ဖို့ ပြောပိုင်ခွင့်ရှိပါသည်။
    - သို့သော်လည်း သင့်ဘက်က ကိုယ်ထိလက်ရောက် ဟန့်တားခြင်းမျိုး လုပ်လို့မရပါ။
    - လက်နက်ရှိကြောင်း သံသယရှိပါက သင့်အဝတ်အစားများကို လက်ဖြင့်ထိတွေ့ရှာဖွေခြင်း လုပ်နိုင်ပါသည်။
- သင့်အနေဖြင့် US နိုင်ငံသားမဟုတ်ပါက၊ လူဝင်မှု ကြီးကြပ်ရေးအေးဂျင့်တစ်ဦးက သင်၏ လူဝင်မှု ကြီးကြပ်ရေး စာရွက်စာတမ်းများကို တောင်းဆိုလာပါက အဆိုပါအထောက်အထားများ သင်နှင့်အတူ ရှိလျှင် ၎င်းတို့ကို ပြရမည်။
- သင့်အနေဖြင့် တရားဥပဒေစိုးမိုးမှုကြောင့် ရပ်တန့်ခံရပါက၊ ငြင်းဆိုခံရပါက သို့မဟုတ် တိုက်ခိုက်ခံရပါက အဆိုပါအေးဂျင့်(များ) အမည်၊ နံပါတ်နှင့် အခြား မှတ်ပုံတင်အချက်အလက်များကို ရယူဖို့ ကြိုးစားပါ။
- အသင်းအဖွဲ့အတွင်းရှိ သင် သို့မဟုတ် တစ်စုံတစ်ဦးအနေဖြင့် တရားဥပဒေ စိုးမိုးမှုဆိုင်ရာ တုံ့ပြန်မှုများ၏ ဗီဒီယို သို့မဟုတ် အသံမှတ်တမ်းများကို ဖမ်းယူထားနိုင်ပါသည်။ သင့်အနေဖြင့် ၎င်းတို့ထွက်ခွာသွားသည့် အခါ ဖြစ်ခဲ့သည့် အကြောင်းအရာများကို ချရေးထားခြင်းလည်း လုပ်ဆောင်နိုင်ပါသည်။
- သင်၏လူမျိုး၊ မူလနိုင်ငံသားဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ လိင် သို့မဟုတ် လူမျိုးစု စသည်တို့အပေါ် အခြေခံပြီး ရပ်တန့်စေခြင်းများ၊ ရှာဖွေခြင်းများ၊ ထိန်းသိမ်းခြင်းများ သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်းများ လုပ်ဆောင်ခြင်းသည် တရားဥပဒေ စိုးမိုးရေး အရာရှိများအတွက် တရားမဝင်ပါ။

**သင့်အနေဖြင့် ဖက်ဒရယ်အေးဂျင့်များနှင့် တုံ့ပြန်မှုများကို ရွှေ့ပြောင်းနေထိုင်သူများ အကာအကွယ်ပေးရေး ပရောဂျက် (IDP) သို့ အစီရင် ခံနိုင်ပါသည်။**
**IDP အနေဖြင့် ရာဇဝတ်မှုတစ်ခုအတွက် ဖမ်းဆီးခံရသော၊ လက်မှတ်ပေးခံရသော သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရသော ရွှေ့ပြောင်းနေထိုင်သူများအား တရားဝင် အချက်အလက်များ ပေးခြင်းနှင့် လွှဲပြောင်းခြင်းများ ပေးနိုင်ပါသည်။ 212-725-6422 ကို ခေါ်ဆိုပါ သို့မဟုတ် email info@immdefense.org ကို အီးမေးလ်ပို့ပါ။**

### သီးသန့်နေရာများ

- သင့်အိမ်နှင့် အခြား "သီးသန့် နေရာများ" (အလုပ်ခွင်၏ ဝန်ထမ်းသီးသန့်သာရှိသည့် နေရာများကဲ့သို့သော) အနေဖြင့် အများသုံးနေရာများတွင် မရှိသည့် အထူး အကာအကွယ်များ ရှိပါသည်။ အရာရှိများအနေဖြင့် ၎င်းတို့တွင် သင်၏သဘောတူညီချက် သို့မဟုတ် သင့်အား တရားစီရင်ရေး ဝရမ်း (တရားသူကြီးက လက်မှတ်ထိုးထားသော) ရှိမှသာလျှင် သီးသန့်နေရာများထဲသို့ ဝင်ရောက်နိုင်ပါသည်။

### အကာအကွယ် နေရာများ

- 2021 ခုနှစ်၊ အောက်တိုဘာလ 27 ရက်နေ့ အမိမြေ လုံခြုံရေးဌာနအနေဖြင့် "အကာအကွယ်နေရာများ" အတွင်း သို့မဟုတ် အနီးရှိ ICE နှင့် CBP စိုးမိုးရေး လှုပ်ရှားမှုများကို ကန့်သတ်သည့် မူဝါဒအသစ် တစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။
- အကာအကွယ်နေရာများတွင် အောက်ပါတို့ ပါဝင်နိုင်သည်၊ သို့သော် အလုံးစုံတော့မဟုတ်ပါ- ကျောင်းနှင့် အခြား ပညာရေးဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် အခမ်းအနားများ၊ ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၊ ဝတ်ပြုရာနေရာများ၊ ကလေးများ စုဝေးရာ နေရာများ၊ လူမှုရေးဝန်ဆောင်မှု တည်နေရာများ၊ သဘာဝဘေး သို့မဟုတ် အရေးပေါ်တုံ့ပြန်ရေး စင်တာများ၊ မင်္ဂလာပွဲများနှင့် ဈာပနပွဲများကဲ့သို့သော အခမ်းအနားများနှင့် တန်းစီလှည့်လည်ခြင်းများနှင့် လူထုစည်းဝေးပွဲများ ကဲ့သို့သော လူစုဆန္ဒပြပွဲများ။
- နယူးယော့ခ်ပြည်နယ်တွင် ဖက်ဒရယ် လူဝင်မှု ကြီးကြပ်ရေး အေးဂျင့်များအနေဖြင့် တရားရေး ဝရမ်းတစ်ခုမပါဘဲ လူများကို ဖမ်းဆီးခြင်း သို့မဟုတ် ပြည်နယ်၊ မြို့နှင့် မြူနီစီပယ်တရားရုံးများသို့ သွားခိုင်းခြင်း/ ထွက်ခွာခိုင်းခြင်းတို့ မလုပ်ဆောင်နိုင်ပါ။

### လူဝင်မှုကြီးကြပ်ရေး လိမ်ညာမှုကို သတိထားပါ

- လူဝင်မှုကြီးကြပ်ရေး ဥပဒေက ရှုပ်ထွေးပါသည်။ သင့်အခြေအနေအား လူတစ်ဦး သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုနှင့် ဆွေးနွေးသည့်အခါ ကျေးဇူးပြုပြီး ဂရုစိုက်ပါ။
- သင့်အခြေအနေနှင့် သက်ဆိုင်သည့် ဥပဒေရေးရာ အကြံပြုချက်အတွက် ရှေ့နေတစ်ဦး သို့မဟုတ် တရားရေးဌာန (DOJ) အသိအမှတ်ပြု ကိုယ်စားလှယ် တစ်ဦးနှင့်သာ ဆွေးနွေးသင့်ပါသည်။
- "notario" ခရီးသွားအေးဂျင့်၊ အခွန်ပြင်ဆင်သူ၊ ပုံစံစာရွက်ပြင်ဆင်သူ သို့မဟုတ် စာချုပ်စာတမ်း သက်သေခံရှေ့နေ (နိုတြီရှေ့နေ) တစ်ဦးထံမှ ဘယ်သောအခါမျှ လူဝင်မှုကြီးကြပ်ရေး အကူအညီ မယူပါနှင့်။ အမေရိကန်ပြည်ထောင်စုတွင် "notario" သည် ရှေ့နေတစ်ဦးမဟုတ်ပါ။

**သင့်ကေ့စ်အတွက် အကူအညီလိုအပ်ပါက သို့မဟုတ် အထွေထွေ လူဝင်မှုကြီးကြပ်ရေးမေးခွန်းများ ရှိပါက New Americans ရုံးသို့ ဟော့လိုင်းနံပါတ် 1-800-566-7636 မှတစ်ဆင့် ခေါ်ဆိုပါ။**

# အမုန်းပွားသော ပြစ်မှုများ

**ပြီးခဲ့သည့်လများအတွင်းက လူဝင်မှုကြီးကြပ်ရေး အသင်းအဖွဲ့၏ အဖွဲ့ဝင်များအပေါ် အမုန်းပွားသော ပြစ်မှုများ မြင့်တက်လာသည်ကို တွေ့ရပါသည်။**

**အမုန်းပွားသော ပြစ်မှုများဆိုသည်မှာ အဘယ်နည်း။**

- အမုန်းပွားသော ပြစ်မှုတစ်ခုဆိုသည်မှာ ဘက်လိုက်ခြင်းကြောင့် ဖြစ်လာသော တိုက်ခိုက်မှု တစ်ခုဖြစ်သည်။
- လူမျိုး၊ အသားအရောင်၊ မူလနိုင်ငံသားဖြစ်မှု၊ မျိုးရိုး၊ ကျား/မ၊ ဘာသာရေး၊ ဘာသာရေး အလေ့အထများ၊ အသက်အရွယ်၊ မသန်စွမ်းမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုတို့နှင့် ပတ်သက်သည့် အမြင် သို့မဟုတ် ယုံကြည်ချက်ကြောင့် တစုံတဦးကို ပစ်မှတ်ထားကျူးလွန်သည့်အခါ သို့မဟုတ် ထိုသို့သော အမြင် သို့မဟုတ် ယုံကြည်ချက်ကြောင့် ကျူးလွန်သော ပြစ်မှုတစ်ခုခုကို အမုန်းပွားသော ပြစ်မှုဟု ခေါ်ပါသည်။
- မြို့တော်ဝန် Cuomo အနေဖြင့် နယူးယောက် ပြည်နယ်အတွင်း ဘက်လိုက်မှုကို ဖြစ်စေသည့် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် အကြမ်းဖက်ခြင်းဆိုင်ရာ အစီရင်ခံစာများ တိုးမြင့်လာခြင်းကို တွန်းလှန်နိုင်ရန်အတွက် အမုန်းပွားသောပြစ်မှု စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။
- အမုန်းပွားသော ပြစ်မှုများကို အစီရင်ခံသည့်အခါ သင့်အတွေ့အကြုံ၊ မည်သူဖြစ်ဝါဖြစ်ကြောင်းနှင့် အခြားသော အရာများနှင့်ပတ်သက်သည့် အားလုံးသော အချက်အလက်များကို လျှို့ဝှက်အဖြစ် ထားရှိပေးသွားမည် ဖြစ်ပါသည်။

**သင့်အနေဖြင့် တစုံတဦးက အမုန်းပွားသောပြစ်မှုကို လုပ်ဆောင်နေခြင်း သို့မဟုတ် လုပ်ဆောင်ခဲ့ရခြင်းကို တွေ့မြင်ရပါက ၎င်းဖြစ်စဉ်ကို ရဲဌာနသို့ အစီရင်ခံပြီး နယူးယောက် လူ့အခွင့်အရေးဌာနခွဲသို့ ဆက်သွယ်ပါ။ 1-888-392-3644 ကို ခေါ်ဆိုပါ သို့မဟုတ် 81336 သို့ "HATE" ဟု စာတိုပေးပို့ပါ။**

**သင် သို့မဟုတ် သင်သိထားသူ တစ်ဦးဦးက ပြစ်မှု၏ သားကောင်ဖြစ်ခဲ့ပါက NYS Office of Victim Services အနေဖြင့် ဆေးဘက်ဆိုင်ရာ ကျသင့်ငွေများ၊ ဆွေးနွေးညှိနှိုင်းမှု ကုန်ကျစရိတ်များ၊ မြေမြှုပ်သင်္ဂြိုဟ်ခြင်းနှင့်အသုဘ ကုန်ကျစရိတ်များ၊ ဆုံးရှုံးသွားသော လုပ်ခလစာများ နှင့် အခြားသော ထောက်ပံ့မှု အမျိုးအစားများကို ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။ 1-800-247-8035 ကို ခေါ်ဆိုပါ သို့မဟုတ် ovs.ny.gov တွင် ဝင်ရောက်လေ့လာပါ။**


**NYC နှင့် အခြားသော ကောင်တီများတွင် နေထိုင်သူများအတွက်**

NYC အတွင်း-

- အများပြည်သူဆိုင်ရာ ဗဟိုတရားရုံးရှေ့နေ
  - 212-669-7250
- Manhattan ခရိုင်အကျိုးဆောင် ကိုယ်စားလှယ် ရှေ့နေ
  - 212-335-3100
  - manhattanda.org/victim-resources/hate-crimes
- Brooklyn ခရိုင်အကျိုးဆောင် ကိုယ်စားလှယ် ရှေ့နေ
  - 718-250-4949
  - brooklynda.org/hate-crimes-bureau
- Queens ခရိုင်အကျိုးဆောင် ကိုယ်စားလှယ် ရှေ့နေ
  - 718-286-6000
- NYC လူ့အခွင့်အရေးကော်မရှင်
  - 718-722-3131
  - nyc.gov/cchr
- Safe Horizon ဒုက္ခသည် ထောက်ကူရေး
  - 1-866-689-4357

NYC ပြင်ပ-

- Nassau ကောင်တီ ခရိုင် အကျိုးဆောင် ကိုယ်စားလှယ် ရှေ့နေ
  - 526-571-3505
  - nassauda.org
- Nassau ကောင်တီ ခရိုင် အကျိုးဆောင် ကိုယ်စားလှယ် ရှေ့နေ၊ လူဝင်မှုကြီးကြပ်ရေးရာ ကိစ္စရပ်များရုံး
  - 516-571-7756
- Nassau ကောင်တီအလုပ်အမှုဆောင် Laura Curran
  - 516-571-3131
- Suffolk ကောင်တီ ခရိုင်အကျိုးဆောင် ကိုယ်စားလှယ်ရှေ့နေ
  - 631-853-4161
  - suffolkcountyny.gov/da
- Suffolk ကောင်တီ ရဲဌာန၊ Hate Crimes Unit
  - 631-852-6323
- Suffolk ကောင်တီ၊ လူနည်းစု ရေးရာ ဌာန
  - 631-853-4738
- Westchester ကောင်တီ၊ လူ့အခွင့်အရေး ကော်မရှင်
  - 914-995-7710
  - humanrights.westchestergov.com



# နယူးယောက်ပြည်နယ် အရင်းအမြစ်များ



**အမေရိကန်နိုင်ငံသား အသစ်များအတွက် NYS ရုံး**

- သင် သို့မဟုတ် သင်သိသော တစ်စုံတစ်ဦးအနေဖြင့် အခမဲ့ ဥပဒေရေးရာ အထောက်အပံ့ လိုအပ်နေပါက ဟော့လိုင်းနံပါတ် 1-800-566-7636 ကို ခေါ်ဆိုပါ။ ခေါ်ဆိုမှုတိုင်းကို လျှို့ဝှက်အဖြစ် ထားရှိပေးပါသည်။ ဘာသာစကားပေါင်း 200 ကျော်ဖြင့် ကူညီပေးနေပါသည်။

**NYS ကျန်းမာရေးဌာန**

- COVID-19 ကပ်ရောဂါနှင့် ပတ်သက်ပြီး နောက်ဆုံးရ အချက်အလက်များအတွက် ဟော့လိုင်းနံပါတ် 1-888-364-3065 ကို ခေါ်ဆိုပါ သို့မဟုတ် ny.gov/coronavirus တွင် ဝင်ရောက်လေ့လာပါ။
- ny.gov/vaccine သို့ ဝင်ရောက်လေ့လာပြီး နယူးယောက်အတွင်းရှိ COVID-19 ကာကွယ်ဆေး အချက်အလက်များကို ရယူပါ။
- ကျန်းမာရေးအာမခံ လျှောက်ထားပါ- 1-855-355-5777 ကိုခေါ်ဆိုပါ သို့မဟုတ် nystateofhealth.ny.gov တွင် ဝင်ရောက်လေ့လာပါ။

**NYS စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးရုံး**

- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်သည့် မေးခွန်းများအတွက် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှု ထောက်ပံ့သူရှာဖွေရန်အတွက် 1-800-597-8481 ကို ခေါ်ဆိုပါ သို့မဟုတ် omh.ny.gov ဝင်ရောက် လေ့လာပါ။
- သင့်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်အခြေအနေကြောင့် စိုးရိမ်ထိတ်လန့်မှု ခံစားရပါက 1-844-863-9314 ကို ခေါ်ဆိုပါ။
- National Suicide Prevention Lifeline: သင့် အသက် သို့မဟုတ် တစ်စုံတစ်ဦး အသက် အန္တရာယ်ရှိပါက 911 ကို ခေါ်ပါ။ သင့်အနေဖြင့် အကျပ်အတည်းနှင့်ရင်ဆိုင်နေရပြီး အကူအညီ ချက်ချင်းလိုအပ်ပါက 1-800-273-8255 ကို ခေါ်ပါ သို့မဟုတ် 741-741 သို့ "GOT5" ဟု စာတို ပို့ပါ။
- အိမ်တွင်းအကြမ်းဖက်မှု- သင် သို့မဟုတ် တစ်စုံတစ်ဦးအား အခြားတစ်ဦးဦးက နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်/လက်ဖြင့်ဖြစ်စေ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားလုပ်ခြင်း သို့မဟုတ် အခြားသော နည်းပရိယာယ်သုံးခြင်းဖြစ်စေ ထိန်းချုပ်ခံရပါက NYS Domestic Violence Hotline သို့ 1-800-942-6906 မှ တစ်ဆင့် ခေါ်ဆိုပါ။

**NYS အလုပ်သမားဌာန**

- အလုပ်သမားဌာနသည် အလုပ်သမားများ၏ ဘေးကင်းမှုနှင့် ကျန်းမာရေး၊ လုပ်ခလစာနှင့် အလုပ်လုပ်သည့် အခြေအနေများကို ကာကွယ် မြှင့်တင်ရန် တာဝန်ရှိပါသည်။
- လုပ်ခလစာနှင့် အလုပ်ချိန်နာရီ ဥပဒေများ၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး သို့မဟုတ် တိုင်ကြားချက်ဖွင့်ခြင်း စသည်တို့နှင့်ပတ်သက်ပြီး သိရှိနိုင်ရန်အတွက် 1-888-469-7365 ကို ခေါ်ဆိုပါ သို့မဟုတ် dol.ny.gov/safety-and-health တွင် ဝင်ရောက် လေ့လာပါ။
- အလုပ်လက်မဲ့ အာမခံအတွက် အကူအညီရယူနိုင်ရန် 1-888-209-8124 ကို ခေါ်ဆိုပါ သို့မဟုတ် dol.ny.gov/unemployment/unemployment-insurance-assistance တွင် ဝင်ရောက် လေ့လာပါ။

**NYS လူ့အခွင့်အရေး ဌာန**

- နယူးယောက်၏ လူ့အခွင့်အရေးဥပဒေအရ အသက်အရွယ်၊ လူမျိုး၊ မူလနိုင်ငံသားဖြစ်မှု၊ လိင်၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ ကျား/မ အမှတ်အသား သို့မဟုတ် ဖော်ထုတ်မှု၊ အိမ်ထောင်ရှိ/မရှိ၊ မသန်စွမ်း၊ စစ်တပ်ဆိုင်ရာ အဆင့်အတန်းနှင့် အခြားသော အဆင့်အတန်းများကြောင့် အလုပ်အကိုင်၊ နေအိမ်၊ ခရက်ဒစ်၊ ပညာရေး နှင့် အများပြည်သူ နေရာထိုင်ခင်းများ အတွက် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပါသည်။
- သင့်အနေဖြင့် ခွဲခြားဆက်ဆံခြင်းခံရသည်ဟု ခံစားရပါက 1-888-392-3644 ကို ခေါ်ဆို၍ဖြစ်စေ သို့မဟုတ် dhr.ny.gov တွင် ဝင်ရောက်၍ဖြစ်စေ တိုင်ကြားစာ တင်သွင်းနိုင်ပါသည်။

**နယူးယောက်မြို့တော် COVID-19 အရင်းအမြစ်များ**

- ဝန်ဆောင်မှု ထောက်ပံ့သူများကို ရှာဖွေနေသော သို့မဟုတ် အခြား အရင်းအမြစ်များ ရှာဖွေနေသော NYC အတွင်း နေထိုင်သူများအနေဖြင့် အောက်ပါတို့မှတစ်ဆင့် တိုက်ရိုက် ရရှိနိုင်ပါသည်-
  - ပညာရေး- nyic.org/covid-education-resources
  - အလုပ်အကိုင်- nyic.org/covid-employment-resources
  - ဘဏ္ဍာရေး- nyic.org/covid-financial-resources
  - အစားအသောက်- nyic.org/covid-food-resources
  - ကျန်းမာရေးစောင့်ရှောက်မှု- nyic.org/covid-healthcare-resources
  - စီးပွားရေး လုပ်ငန်းသေး- nyic.org/covid-small-business-resources

ယခုစာရွက်စာတမ်းအား အွန်လိုင်းဖြင့်လည်းကောင်း သို့မဟုတ် အခြားဘာသာစကားဖြင့်လည်းကောင်း ကြည့်ရှုလိုပါက nyic.org/KYR တွင် ဝင်ရောက် လေ့လာပါ သို့မဟုတ် ယခုကုဒ်ကို စကန်ဖတ်ပါ-

ယခု တူးလ်ကစ် သို့မဟုတ် ၎င်းတွင်ပါဝင်သည့် အချက်အလက်များနှင့် ပတ်သက်ပြီး မေးမြန်းလိုသည်များ သို့မဟုတ် အကြံပြုချက်များရှိပါက ကျေးဇူးပြုပြီး အောက်ပါနေရာများထံ ဆက်သွယ်ပါ-

Jennifer Diaz – jdiaz@nyic.org (နယူးယောက်မြို့)
Bryan Lee – blee@nyic.org (နယူးယောက်ပြည်နယ် အထက်ပိုင်း)

သင့်အနေဖြင့် အသင်းအဖွဲ့အုပ်စုနှင့် ပြုလုပ်သည့် Know Your Rights (သင့်အခွင့်အရေးများကို သိထားပါ) အခမဲ့ ဆွေးနွေးပွဲကို တက်ရောက်လိုပါက ကျေးဇူးပြုပြီး kyr@nyic.org ကို ဆက်သွယ်ပါ။

နယူးယောက်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ (NYIC) သည် နယူးယောက်ပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူပေါင်း 200 ကျော်နှင့် ဒုက္ခသည် အခွင့်အရေးဆိုင်ရာ အုပ်စုများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် နယူးယောက်ပြည်နယ်သည် ပိုမို အားကောင်းလာမည်ဟု မျှော်မှန်းပါသည် အကြောင်းမှာ လူတိုင်းကို ကြိုဆိုလက်ခံပြီး မျှမျှတတ ဆက်ဆံပေးသည့်အပြင် ၎င်းတို့၏ အိပ်မက်များကို ရှာဖွေနိုင်မည့် အခွင့်အရေးကို ပေးအပ်ခြင်းကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဦးတည်ချက်မှာ ရွှေ့ပြောင်းနေထိုင်သူများ၊ အဖွဲ့ဝင်များနှင့် မိတ်ဖက်များ အားလုံး ရှင်သန်နိုင်ရန် ပေါင်းစည်းနိုင်ဖို့ ဖြစ်ပါသည်။

NYIC 35 YEARS OF BUILDING IMMIGRANT POWER

**New York Immigration Coalition**
131 W 33rd St, Ste 610
New York, NY 10001
212 627 2227
nyic.org